THE CARTER CENTER

# သတင်းထုတ်ပြန်ချက်

## မြန်မာ့ရွေးကောက်ပွဲအကြိုကာလအခြေအနေအပေါ် ကာတာစင်တာမှ ထုတ်ပြန်ကြေညာချက်တစ်ရပ် ထုတ်ပြန်

ရန်ကုန် (၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃) - ယနေ့ထုတ်ပြန်လိုက်သော ရွေးကောက်ပွဲကြို ထုတ်ပြန်ကြေညာချက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကိုဗစ်-၁၉ ကြောင့် တစ်မူထူးခြားသည့် အခြေအနေများကို ရင်ဆိုင်နေရသော်လည်း ရွေးကောက်ပွဲဖြစ်စဉ်ကို သတ်မှတ်ချိန်အတွင်း မှန်မှန်ကန်ကန် ပြီးစီးအောင်မြင်အောင် စီမံဆောင်ရွက်နေသည့်အတွက် ကာတာစင်တာက ချီးကျူးဂုဏ်ပြုထားပါသည်။ ကော်မရှင်၏ ကိစ္စရပ်အချို့အပေါ် ကိုင်တွယ်ဖြေရှင်းပုံအပြင် မြန်မာနိုင်ငံ ရွေးကောက်ပွဲများ၏ ဒီမိုကရေစီသွင်ပြင်လက္ခဏာလျော့ပါးမှု ဆက်လက်ဖြစ်ပွားစေသည့် ဖွဲ့စည်းတည်ဆောက်ထားပုံဆိုင်ရာ ဥပဒေရေးရာ ချို့ယွင်းချက်များအပေါ် ဝေဖန်အကြံပြုချက်များကိုလည်း အဆိုပါ ထုတ်ပြန်ကြေညာချက်က ညွှန်ပြထားသည်။

ကမ္ဘာ့ကပ်ရောဂါသည် သွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ ပြဋ္ဌာန်းသတ်မှတ်မှုဆီသို့ ဦးတည်စေလျက်ရှိသောကြောင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေး၊ ရွေးကောက်ပွဲလေ့လာသူများနှင့် မီဒီယာတို့၏ လုပ်ငန်းများကို သက်ရောက်စေလျက်ရှိသည်။ အဆိုပါ ကန့်သတ်ချက်များသည် မဲဆွယ်စည်းရုံးကာလဦးပိုင်းတွင် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ၎င်းတို့၏ သတင်းစကားကို မဲဆန္ဒရှင်များသို့ ပေးပို့ရန်ကိုလည်း ခက်ခဲစေလျက်ရှိသည်။

နိုင်ငံရေးပါတီပေါင်း ၉၂ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၆,၉၀၀ ကျော်နှင့် တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်းများတို့က မဲဆွယ်စည်းရုံးကြခြင်းဖြစ်ရာ မဲဆန္ဒရှင်များအနေနှင့်လည်း ကိုယ်စားလှယ် လောင်းများအား ရွေးချယ်ခွင့်ကို ကျယ်ကျယ်ပြန့်ပြန့် ရရှိလိမ့်မည်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများသည် မဲဆန္ဒရှင်စာရင်း ဖြည့်စွက်၊ ပြင်ဆင်၊ နှုတ်ပယ်ခြင်းတို့ကို ပထမအကြိမ် ဆောင်ရွက်ပြီးစီး၍ ယခုအခါ ဒုတိယအကြိမ်ကို ဆောင်ရွက်နေဆဲဖြစ်သည်။ ထို့အပြင် ကော်မရှင်နှင့် အဖွဲ့ခွဲများသည် လွှတ်တော်ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ခြင်းကို

စီမံဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် ရွေးကောက်ပွဲအရာရှိများအား သင်တန်းများ ပေးလျက်ရှိသည်။ ရွေးကောက်ပွဲ အထောက်အကူပြုအဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးသည် မဲဆန္ဒရှင်သတင်းအချက်အလက်ပေး လှုပ်ရှားမှုများကို အွန်လိုင်းအထောက်အကူပြု နည်းလမ်းများအပါအဝင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြသည်။

သို့သော် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများအား အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်ကို ကိုင်တွယ်ပုံ၊ နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းတိုင်ပင်မှုများမှာ အနည်းအကျဉ်းသာရှိခြင်းနှင့် နိုင်ငံပိုင်မီဒီယာ၌ နိုင်ငံရေးပါတီများ၏ မိန့်ခွန်းများကို အခမဲ့ထုတ်လွှင့်ရာတွင် ဆင်ဆာဖြတ်ခြင်း တို့အတွက် ဝေဖန်မှုကို ရင်ဆိုင်နေရသည်။ ထို့အပြင် လုပ်ငန်းစဉ်၏ ဒီမိုကရေစီနည်းကျ ဝိသေသလက္ခဏာကို လျော့ပါးစေမည့် ဖွဲ့စည်းတည်ဆောက်ထားပုံဆိုင်ရာ ဥပဒေရေးရာ ချို့ယွင်းချက်ကလည်း ဆက်လက် တည်ရှိနေသည်။ ဖွဲ့စည်းတည်ဆောက်ထားပုံဆိုင်ရာ ဥပဒေရေးရာ ချို့ယွင်းချက်များ၌ ဥပဒေပြုရေး အစုအဖွဲ့များအားလုံးတွင် ရွေးကောက်တင်မြှောက်ခံ မဟုတ်သော ခန့်အပ်ခံတပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်အရေအတွက်၊ သမ္မတအရည်အချင်း စံသတ်မှတ်ချက်များ အတွက် တင်းကြပ်သော ပြဋ္ဌာန်းချက်များ၊ မဲဆန္ဒနယ်အတွင်း မဲဆန္ဒရှင်ဦးရေ မညီမျှမှုကြောင့် ဖြစ်ပေါ် လာသည့် ညီမျှမှုမရှိသော ကိုယ်စားပြုမှုနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်များကို တရားရုံး တစ်ရုံးရုံးသို့ အယူခံပိုင်ခွင့် မရှိခြင်းတို့ ပါဝင်သည်။

နိုင်ငံသားဖြစ်မှုအတွက် လိုအပ်ချက်များသည်လည်း နိုင်ငံရေးဆိုင်ရာ မူလအခွင့်အရေးများအား အကြောင်းမဲ့ ကန့်သတ်ထားခြင်းဆီသို့ ဦးတည်နေဆဲဖြစ်သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ၌ ဆန္ဒမဲပေးပိုင်ခွင့် ရုပ်သိမ်းခံရသည့် ယခင်က ယာယီနိုင်ငံသားသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများ ဖြစ်ကြသော၊ ယင်းတို့အနက် အများစုမှာ မွတ်ဆလင်ရိုဟင်ဂျာများ ဖြစ်ကြသော သူများသည် ၎င်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့်များကို မရရှိသေးပါ။ ထို့အပြင် မျှော်မှန်းခံရမှု အမြင့်ဆုံးဖြစ်သော ရိုဟင်ဂျာ လွှတ်တော်ကိုယ်စားလှယ်လောင်းများမှာလည်း နိုင်ငံသားဖြစ်မှု အကြောင်းပြချက်များဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခံခဲ့ရသည်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလမှာ စက်တင်ဘာလ ၈ ရက်နေ့တွင် စတင်ခဲ့သည်။ ကိုဗစ်-၁၉ ပျံ့နှံ့မှု ထိန်းချုပ်ရန်အလို့ငှာ မဲဆွယ်စည်းရုံးစုဝေးရာတွင် ပါဝင်မည့် လူအရေအတွက်နှင့် အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးခြင်းများကို ကန့်သတ်လျက်ရှိခြင်းကြောင့် နိုင်ငံရေးပါတီများနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများသည် လူအရေအတွက် အနည်းငယ်သာ ပါဝင်သော အခမ်းအနားများ၊ ယာဉ်များ၊ ယာဉ်တန်းများကိုသာ အားကိုးအားထားပြုပြီး မဲဆွယ်စည်းရုံးနေရလျက်ရှိပြီး ပါတီအချင်းချင်း ထိပ်တိုက်တွေ့မှုအချို့

ဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် မဲဆွယ်စည်းရုံးမှု အများအပြားကို လူမှုမီဒီယာမှတစ်ဆင့် အွန်လိုင်းပေါ်သို့ ပြောင်းရွှေ့ လုပ်ဆောင်ခဲ့ကြသည်။ အများပြည်သူ မည်သူမဆို ကြည့်မြင်နိုင်သော ဖေ့စ်ဘုတ်အကောင့်များကို စောင့်ကြည့်လေ့လာခဲ့ခြင်းကလည်း ပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အကြောင်း အမုန်းစကားများ နှင့် လုပ်ကြံသတင်းများ များပြားလာသည်ကို ပြသလျက်ရှိသည်။

ဇူလိုင်လ ၃၀ရက်နေ့တွင် ရွေးကောက်ပွဲလေ့လာရေးအဖွဲ့အစည်း တစ်ဖွဲ့အဖြစ် အသိအမှတ်ပြုခံရသော ကာတာစင်တာသည်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို ခံနေရသည်။ မည်သို့ပင်ဖြစ်စေ မစ်ရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ရပ်ဝေးမှ လုပ်ငန်းလုပ်ဆောင်နေကြသော ကာလရှည် ရွေးကောက်ပွဲလေ့လာသူများနှင့် ဆက်လက်လေ့လာသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲနေ့မတိုင်မီတွင် နိုင်ငံခြားသားများကို အများဆုံး ၁၂ဦးအထိ ကာလတိုရွေးကောက်ပွဲလေ့လာသူများအဖြစ် ခန့်အပ်သွားရန် စီစဉ်နေသည်။ လာမည့်ရက်သတ္တပတ်များတွင် နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေး မစ်ရှင်သည် ရွေးကောက်ပွဲလေ့လာမှုကို မဲဆန္ဒရှင်စာရင်း၏ ပြီးစီးမှု၊ မဲဆွယ်စည်းရုံးရေးဆောင်ရွက်မှု၊ ပဋိပက္ခဒဏ်သင့် မဲဆန္ဒနယ်များ၌ ရွေးကောက်ပွဲ ကျင်းပရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ (ရွေးကောက်ပွဲနေ့) မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ ရလဒ်များကို စာရင်းသွင်းခြင်းနှင့် ကြေညာခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်းတို့၌ ဦးစားပေးလေ့လာသွားမည် ဖြစ်ပါသည်။

အစီရင်ခံစာအပြည့်အစုံကို ဤနေရာတွင် ကြည့်ရှုပါ။
https://www.cartercenter.org/news/pr/2020/myanmar-2020-preelection-statement-burmese.pdf.

###

ဆက်သွယ်ရန်။ အတ္တလန်တာတွင် Soyia Ellison, soyia.ellison@cartercenter.org

မြန်မာနိုင်ငံတွင် Sean Dunne, sean.dunne@cartercenter.org

## ကာတာစင်တာ

*ငြိမ်းချမ်းရေးကို တိုးမြှင့်ခြင်း၊ ရောဂါဘယ တိုက်ဖျက်ခြင်း၊ မျှော်လင့်ချက်ကို တည်ဆောက်ခြင်း*

*ကာတာစင်တာသည် အကျိုးအမြတ်ကို မယူသော၊ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ တိုးမြှင့်စေခြင်း၊ ရောဂါဘယများကို ကာကွယ်တားဆီးခြင်းနှင့် စိတ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှု တိုးမြှင့်စေခြင်းတို့ဖြင့်*

*နိုင်ငံပေါင်း ၈၀ ကျော်မှ လူများ၏ ဘဝ တိုးတက်စေရန် ကူညီပေးခဲ့ပြီး ဖြစ်သည်။  ကာတာစင်တာကို အမေရိကန်သမ္မတဟောင်း Jimmy Carterနှင့် သမ္မတကတော်ဟောင်း Rosalynn Carter တို့မှ ၁၉၈၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်လွှားတွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေး တိုးမြှင့်ခြင်းတို့ကို မိတ်ဖက်ဖြစ်သော Emory Universityနှင့်အတူ ဆောင်ရွက်နေပါသည်။*

ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုရန် *CarterCenter.org* | ကျွန်ုပ်တို့အကြောင်းကို Twitterတွင် ကြည့်ရှုရန် *@CarterCenter* | ကျွန်ုပ်တို့အကြောင်းကို Instagram တွင် ကြည့်ရှုရန် *@thecartercenter* | ကျွန်ုပ်တို့ကို Facebook တွင် Like လုပ်ထားရန် *Facebook.com/CarterCenter* | ကျွန်ုပ်တို့အကြောင်းကို YouTube တွင် ကြည့်ရှုရန်*YouTube.com/CarterCenter*